# Information Sheet



VOLUME X, ISSUE 12 12 November 2021


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံနှင့် မြန်မာ့ဆေးဝါးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး | ၁ |
| ၂ | (၂၇) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ဝန်ကြီးများအဆင့် ဆွေးနွေးပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက် | ၅ |
| ၃ | မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံပြီး ကျန်းမာရေးကဏ္ဍနှင့် ICT နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေး | ၆ |
| ၄ | မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေး | ၈ |
| ၅ | ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ | ၉ |
| ၆ | ၄၂ ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်များအသင်းအုပ်ချုပ်မှုကောင်စီ အစည်းအဝေးကျင်းပ | ၁၀ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူ အဖွဲ့အစည်းများအသင်း၏ တတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားကျင်းပ | ၁၂ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခုခွင့်ပြု | ၁၃ |
| ၉ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၁၄ |
| ၁၀ | မြို့နယ်အချို့အား Stay at Home သတ်မှတ်ထားခြင်းမှ ပယ်ဖျက် | ၁၆ |
| ၁၁ | ကွတ်ခိုင်မြို့နယ်၊ ဖာခတ်ကျေးရွာရှိ အမျိုးသမီးတစ်ဦးကို အဓမ္မမှု ကျူးလွန်ခဲ့သူ စစ်သည်ကို စစ်တရားရုံးဖြင့် အရေးယူသွားမည် | ၁၇ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံနှင့် မြန်မာ့ဆေးဝါးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ နိုဝင်ဘာလ ၁၁ ရက်တွင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)နှင့် မြန်မာ့ဆေးဝါးစက်ရုံ(အင်းစိန်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု အခြေအနေများ၊ အရည်အသွေးပြည့်မီစွာဖြင့် ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနိုင်မှုအခြေအနေများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပါသည်။

တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံမှတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- မြန်မာနိုင်ငံတွင် လိုအပ်လျက်ရှိသော ချည်မျှင်နှင့်အထည်များအား ပြည်တွင်းစက်ရုံများမှ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်။
- စက်များစွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် စက်များကြံ့ခိုင်မှုရှိရန် ထိန်းသိမ်းမှုများအား စဉ်ဆက်မပြတ်ပြုလုပ်နေရန်။
- ကျေးလက်နေပြည်သူများနှင့်တိုင်းရင်းသားပြည်သူတို့၏ အသုံးအဆောင် အဝတ်အထည်၊ ပစ္စည်းများအား ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချပေးနိုင်ရေး ဆောင်ရွက်ရန်။
- အခြားဈေးကွက်လိုအပ်ချက်ရှိသည့် ဟိုတယ်သုံးပစ္စည်းများနှင့် ပုဂ္ဂလိကသုံးပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာထုတ်လုပ်၍ ဈေးကွက်ရရှိရေး စဉ်းစားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းအောင်မြင်တိုးတက်စေရေးအတွက် သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ရန်။
- ချည်ထည်များထုတ်လုပ်နိုင်ရန် အဓိကအကျဆုံးဖြစ်သည့် ဝါစိုက်ပျိုးမှုများအား တိုးချဲ့ဆောင်ရွက်ရန်နှင့် စိုက်ပျိုးသည့်ဝါများ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ကြရန်။
- ဝါထွက်ကုန်ဖြစ်သည့် ဝါစေ့ဆီမှ စားဆီနှင့်စက်သုံးဆီများ၊ ဝါကြိတ်ဖတ်များဖြင့်တိရစ္ဆာန်အစာ ထုတ်လုပ်ခြင်းဆောင်ရွက်နိုင်၍ နိုင်ငံအတွက်များစွာအကျိုးဖြစ် ထွန်းစေမည်ဖြစ်သောကြောင့် ပြည်တွင်းဝါစိုက်ပျိုးမှုတိုးတက်စေရေး ဝါစိုက်တောင်သူများအား နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးရန်။
- ချည်မျှင်နှင့်အထည်စက်ရုံများသည် နိုင်ငံအတွက်လွန်စွာအကျိုးရှိသည့် စက်ရုံများဖြစ်သဖြင့် နိုင်ငံ့လိုအပ်ချက်များအားပြည့်မီစွာထုတ်လုပ်၍ ပြည်သူများဈေးနှုန်း သက်သာစွာဖြင့် အဝတ်အထည်များအားအသုံးပြုနိုင်ရေး စနစ်တကျ စဉ်းစား

သုံးသပ် ဆောင်ရွက်ကြရန်မှာကြားခဲ့ပြီးနောက် စက်ရုံအတွင်း ချည်မျှင်နှင့်အထည်များအား အဆင့်ဆင့်ထုတ်လုပ်နေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့။

အင်းစိန်ဆေးဝါးစက်ရုံမှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- ဆေးဝါးထုတ်လုပ်ရာတွင် အမြတ်ရရှိမှုကို အဓိကမထားဘဲ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ဦးစားပေး စဉ်းစားဆောင်ရွက်ကြရန်နှင့် ပြည်သူများ အမှန်တကယ်လိုအပ်သည့် ဆေးဝါးများအား အရည်အသွေးပြည့်မီစွာဖြင့် ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရေးဆောင်ရွက်ရန်။
- တစ်နိုင်ငံလုံး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား အပြည့်အဝ ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ အစီအစဉ်ရေးဆွဲ၍ စီမံဆောင်ရွက်လျက်ရှိပြီး တာဝန်ရှိသူများက ဆေးဝါးထုတ်လုပ်ရေးအတွက် ကုန်ကြမ်းများအား လုံလောက်စွာရရှိရေးနှင့် စက်ရုံမှထုတ်လုပ်သည့်ဆေးဝါးများအား ဖြန့်ဖြူးနိုင်ရေး ဈေးကွက်သုတေသနပြုဆောင်ရွက်ရန်။
- မိမိတို့နိုင်ငံရှိ ပြည်သူများ၏ ကျန်းမာရေးအခြေအနေများအား သုတေသနပြုလုပ်၍ လိုအပ်သည့်ဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်ရန်။
- ပြည်ပမှတင်သွင်းလျက်ရှိသည့် ဆေးဝါးများအား ဈေးကွက်သုတေသနပြုလုပ်ဆောင်ရွက်၍ ပြည်ပတင်သွင်းမှုလျှော့ချနိုင်ရေးအတွက် စက်ရုံမှထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်နှင့် လိုအပ်သည့် စက်ပစ္စည်းများအား နိုင်ငံတော်မှ ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်။
- ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထုတ်လုပ်နိုင်သည့်အချိန်မှစ၍ ပြည်သူများအတွက် လိုအပ်ချက်များ ပြည့်မီစွာထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်နှင့် အခြားအရေးကြီးဆေးဝါးများမှအပ ပြည်ပမှတင်သွင်းသည့်ဆေးနှင့် မိမိတို့စက်ရုံမှထုတ်လုပ်သည့် အမျိုးအစားတူ အခြေခံဆေးဝါးများ၏ ဈေးနှုန်းများကို နှိုင်းယှဉ်၍ခိုင်မာသည့် ဈေးနှုန်း၊ ဈေးကွက်အဖြစ်ရပ်တည်နေအောင် ဆောင်ရွက်ရန်။
- နိုင်ငံအတွက် အကျိုးရှိသည့်စက်ရုံဖြစ်သဖြင့် ပြည်တွင်းလိုအပ်ချက်များအား လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် မိမိတို့ထုတ်နိုင်သည့် ဆေးဝါးများအား တိုးမြှင့်ထုတ်လုပ်သွားရန်နှင့် ပြည်တွင်းပုဂ္ဂလိကဆေးဝါးစက်ရုံများကိုလည်း အားပေးကူညီမှုများ ဆောင်ရွက်ပေးသွားရန်။
- ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကာလအတွင်း မြန်မာ့ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများအနေဖြင့် နားရက်မရှိတာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်၏ ကျန်းမာရေးအခန်းကဏ္ဍကို များစွာအထောက်အကူပြုခဲ့သည့်အတွက် အသိအမှတ်ပြု ချီးကျူးကြောင်းပြောကြားပြီးနောက် စက်ရုံအတွင်းရှိ ဆေးဝါးများထုတ်လုပ်နေမှုနှင့် အရည်အသွေးထိန်းသိမ်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့။

တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)မှ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို အရည်အသွေးပြည့်မီစွာထုတ်လုပ်၍ တပ်မတော်၏ လိုအပ်ချက်နှင့် ပြည်တွင်းဈေးကွက်လိုအပ်ချက်အား ဈေးနှုန်းသက်သာစွာဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာ့ဆေးဝါးစက်ရုံ(အင်းစိန်)အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO Guidelines အတိုင်းတိကျစွာလိုက်နာကာ ပြည်သူများအတွက် အရည်အသွေး ကောင်းမွန်ယုံကြည်စိတ်ချရသည့် ဆေးဝါးအမယ်ပေါင်း ၁၉၅ မျိုးကိုထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၁၁-၂၀၂၁)**

- **တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံနှင့် အင်းစိန်ဆေးဝါးစက်ရုံမှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-**
    - ♦ **မြန်မာနိုင်ငံတွင်လိုအပ်လျက်ရှိသော ချည်မျှင်နှင့်အထည်များအား ပြည်တွင်းစက်ရုံများမှ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်။**
    - ♦ **ချည်မျှင်နှင့်အထည်စက်ရုံများမှ နိုင်ငံ့လိုအပ်ချက်များအား ပြည့်မီစွာထုတ်လုပ်၍ ပြည်သူများဈေးနှုန်းသက်သာစွာဖြင့် အဝတ်အထည်များအားအသုံးပြုနိုင်ရေး စနစ်တကျ စဉ်းစားသုံးသပ်ဆောင်ရွက်ကြရန်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံတွင် သွားရောက်လှည့်လည်စစ်ဆေးနေမှု









- ♦ မိမိတို့နိုင်ငံရှိ ပြည်သူများ၏ ကျန်းမာရေးအခြေအနေများအား သုတေသနပြုလုပ်၍ လိုအပ်သည့်ဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်ရန်။
- ♦ ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထုတ်လုပ်နိုင်သည့် အချိန်မှစ၍ ပြည်သူများအတွက် လိုအပ်ချက်များ ပြည့်မီစွာ ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်နှင့် အခြားအရေးကြီးဆေးဝါးများမှအပ ပြည်ပမှတင်သွင်းသည့်ဆေးနှင့် မိမိတို့စက်ရုံမှ ထုတ်လုပ်သည့် အမျိုးအစားတူ အခြေခံဆေးဝါးများ၏ဈေးနှုန်းများကို နှိုင်းယှဉ် သုံးသပ်ရန်။

- တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)မှ အဝတ်အထည်နှင့် အသုံးအဆောင် ပစ္စည်းအမျိုးမျိုးတို့ကို အရည်အသွေး ပြည့်မီစွာထုတ်လုပ်၍ တပ်မတော်၏လိုအပ်ချက်နှင့် ပြည်တွင်းဈေးကွက်လိုအပ်ချက်အား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာ့ဆေးဝါးစက်ရုံ(အင်းစိန်)အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO Guidelines အတိုင်း တိကျစွာလိုက်နာကာ ပြည်သူများအတွက် ဆေးဝါးအမယ်ပေါင်း ၁၉၅ မျိုးကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့ဆေးဝါးစက်ရုံတွင် သွားရောက်လှည့်လည်စစ်ဆေးနေမှု










# (၂၇) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ဝန်ကြီးများအဆင့် ဆွေးနွေးပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်




(၂၇) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးကို နိုဝင်ဘာလ ၁၁ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံမှ အိမ်ရှင်အဖြစ်ဦးဆောင်၍ Video Conferencing စနစ်ဖြင့် လက်ခံကျင်းပခဲ့ပြီး ဆွေးနွေးဖက်နိုင်ငံများနှင့် အစည်းအဝေးများဖြစ်သည့် အာဆီယံ – တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် US-ASEAN Business Council (US-ABC) ဆွေးနွေးပွဲတို့ကိုလည်းတစ်ဆက်တည်း ကျင်းပခဲ့ပါသည်။

- (၂၇)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတွင် ပို့ဆောင်ရေးဝန်ကြီးများက “အာဆီယံ ကွာလာလမ်ပူ ပို့ဆောင်ရေးလုပ်ငန်းစီမံကိန်း(၂၀၁၆-၂၀၂၅)တွင် ပါဝင်သော ပို့ဆောင်ရေးကဏ္ဍအသီးသီး၏ နိုင်ငံအလိုက်နှင့် ဒေသတွင်းဆောင်ရွက်ပြီးစီးမှုများ၊ အာဆီယံ၏ တစ်ခုတည်းသောလေကြောင်းနှင့် ရေကြောင်းဈေးကွက် ဖော်ဆောင်မှု၊ စင်ကာပူ-ကူမင်းရထားလမ်းစီမံကိန်း၊ အာဆီယံ အဝေးပြေးလမ်းကွန်ရက်နှင့် အာဆီယံပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးအကောင်အထည်ဖော်မှုများ” စသည်တို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပါသည်။
- နေ့လည်ပိုင်းတွင် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် US-ASEAN Business Council (US-ABC) ဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီး အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုများနှင့် ကုန်စည်ပို့ဆောင်မှုကို Digital စနစ်သို့ပြောင်းလဲအသုံးပြုရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။
- အထက်ပါအစည်းအဝေးပွဲများတွင် ပြည်ထောင်စုဝန်ကြီးက “လက်ရှိပို့ဆောင်ရေးကဏ္ဍတွင် IT အသုံးပြုမှုများ၊ ဆက်သွယ်ရေးကွန်ရက် အဆင့်မြှင့်တင်ခြင်း National Portal နှင့် Data Centre တည်ဆောက်ခြင်းနှင့် ဒေသတွင်း ရေရှည်တည်တံ့သည့် ကုန်စည်ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးတွင် Digital စနစ်သို့ပြောင်းလဲအသုံးပြုရာ၌ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း” ဆွေးနွေးပြောကြားခဲ့ပါသည်။

အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ပို့ဆောင်ရေးဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် US-ABC မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ ဗိုလ်ချုပ်ကြီးတင်အောင်စန်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၂-၁၁-၂၀၂၁)**

- (၂၇)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးတွင် "အာဆီယံ-ကွာလာလမ်ပူ ပို့ဆောင်ရေး လုပ်ငန်းစီမံကိန်း၊ အာဆီယံ၏တစ်ခုတည်းသော လေကြောင်းနှင့် ရေကြောင်းဈေးကွက်ဖော်ဆောင်မှုနှင့် အာဆီယံ ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး အကောင်အထည်ဖော်မှုများ"အား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် US-ASEAN Business Council (US-ABC) အစည်းအဝေး တွင် အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုများနှင့် ကုန်စည်ပို့ဆောင်မှုကို Digital စနစ်သို့ပြောင်းလဲ အသုံးပြုရေးကိစ္စရပ်များကို ဆွေးနွေးခဲ့။
- ပြည်ထောင်စုဝန်ကြီးက ဆက်သွယ်ရေးကွန်ရက် အဆင့်မြှင့်တင်ခြင်းနှင့် ဒေသတွင်းကုန်စည်ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးတွင် Digital စနစ်သို့ပြောင်းလဲ အသုံးပြုရာ၌ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့် အတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့။

## မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံပြီး ကျန်းမာရေးကဏ္ဍနှင့် ICT နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေး





မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Saurabh Kumar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ကို နိုဝင်ဘာ လ ၁၁ ရက်နေ့တွင် နေပြည်တော်၌ တွေ့ဆုံခဲ့ပြီး၊ နှစ်နိုင်ငံကြား ကျန်းမာရေးကဏ္ဍ နှင့် ICT နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ပါသည်။

ကျန်းမာရေးကြီးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးရာတွင်-

- အိန္ဒိယနိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးများအား မြန်မာနိုင်ငံ တွင် အသုံးပြုနိုင်ရေးနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်း ဆိုင်ရာ COWIN Platform အား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက် ရေးဆိုင်ရာ ကိစ္စရပ်များ။
- အိန္ဒိယနိုင်ငံမှ COVAXIN ကိုဗစ်-၁၉ ကာကွယ်ဆေးကို WHO မှ အရေးပေါ်အသုံးပြုရန်အတွက် အသိအမှတ်ပြုပြီး ဖြစ်၍ မြန်မာနိုင်ငံမှ အသိအမှတ်ပြု ကာကွယ်ဆေးစာရင်းတွင် ထည့်သွင်းနိုင်ရေးကိစ္စရပ်များ။

- ကာကွယ်ဆေးထိုးပြီးစီးကြောင်း အထောက်အထားများအား အသိမှတ်ပြု၍ နှစ်နိုင်ငံခရီးသွားလာခြင်းဆိုင်ရာ ကန့်သတ်ချက်များမှ ဖြေလျှော့ခွင့်ပြုရေးဆိုင်ရာကိစ္စရပ်များ။
- ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်များ အိန္ဒိယနိုင်ငံသို့စေလွှတ်၍ ပညာသင်ကြားနိုင်ရေးဆိုင်ရာကိစ္စများ။
- မြန်မာနိုင်ငံတွင် State-of-the-Art ဆေးရုံတည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့။

သိပ္ပံနှင့်နည်းပညာဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးရာတွင်-

- နှစ်နိုင်ငံပူးပေါင်းပြီး ဖွင့်လှစ်ထားသော မြန်မာသတင်းအချက်အလက်နည်းပညာ တက္ကသိုလ်၏ သင်ကြားသင်ယူမှုဆိုင်ရာ ကိစ္စရပ်များ။
- ICT နယ်ပယ်တွင် လူသားအရင်းအမြစ် ပြုစုပျိုးထောင်ခြင်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားမည့် အခြေအနေများ။
- အိန္ဒိယနိုင်ငံရှိ India Institute of Information Technology Bangalore (IIIT-B)နှင့် တက္ကသိုလ်အချင်းချင်း ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ။
- ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနှင့် ဇီဝနည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ။
- မန္တလေးနည်းပညာတက္ကသိုလ်တွင် Remote Sensing ဌာနနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့။

ဆွေးနွေးပွဲများတွင် အိန္ဒိယနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီးများနှင့်အတူ တာဝန်ရှိသူများက တွေ့ဆုံဆွေးနွေးခဲ့ ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၁၁-၂၀၂၁ )**

- **ကျန်းမာရေးဆိုင်ရာကဏ္ဍတွင် အိန္ဒိယနိုင်ငံထုတ် ကိုဗစ်ဆေးများနှင့် WHO ၏ အသိအမှတ်ပြု COVAXIN ကာကွယ်ဆေးကို မြန်မာနိုင်ငံ၏ အသိအမှတ်ပြု ကာကွယ်ဆေးစာရင်းတွင် ထည့်သွင်းအသုံးပြုနိုင်ရေးနှင့် ကာကွယ်ဆေးထိုးပြီးကြောင်း အထောက်အထားများအား အသိအမှတ်ပြုပြီး နှစ်နိုင်ငံခရီးသွားလာခွင့် ကန့်သတ်ချက်များကို ဖြေလျှော့နိုင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့။**
- **မြန်မာအထူးကုဆရာဝန်များကို အိန္ဒိယနိုင်ငံသို့ စေလွှတ်၍ ပညာသင်ကြားနိုင်ရေးဆိုင်ရာကိစ္စများနှင့် မြန်မာနိုင်ငံတွင် State-of-the-Art ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကိုပါ ဆွေးနွေးခဲ့။**
- **ICT နယ်ပယ်တွင် နှစ်နိုင်ငံကြား တက္ကသိုလ်များအချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် လူသားအရင်းအမြစ်များ တိုးတက်အောင် ပြုစုပျိုးထောင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့။**
- **မြန်မာနိုင်ငံအတွက် အရေးပါသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနှင့် ဇီဝနည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကိုပါ ဆွေးနွေးခဲ့။**

# မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေး



မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးစီမံချက်အား အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများနှင့်အစည်းအဝေးကို နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက -

- ယခုအခါတွင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုဗစ်ရောဂါထိန်းချုပ်နိုင်မှုအပေါ် မူတည်၍ နိုင်ငံတကာနှင့် နိုင်ငံတွင်းခရီးသွားများကို စတင်ဖွင့်လှစ်လာကြရာ မိမိတို့အနေဖြင့်လည်း နိုင်ငံတကာခရီးသည်များကို လက်ခံနိုင်ရေးအတွက် အဆင်သင့်ဖြစ်နေစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊
- ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာစည်းမျဉ်းများကိုလေ့လာပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီမှုရှိသည့် နိုင်ငံတကာခရီးသွားဧည့်သည်များ ဝင်ရောက်ရေးဆိုင်ရာ စီမံချက်ကို ပြင်ဆင်ရေးဆွဲထားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့။

ယင်းနောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများက-

- ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများနှင့် ဗီဇာများ အလွယ်တကူအဆင်ပြေစွာ ရရှိနိုင်ရန် ဆောင်ရွက်ပေးစေလိုသည့် အခြေအနေများ။
- ခရီးစဉ်ဒေသများရှိ ဆေးရုံများတွင် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ကုသနိုင်ရန် လိုအပ်ချက်များဖြည့်ဆည်းပေးစေလိုသည့်အခြေအနေ။
- Visa on Arrival ဆောင်ရွက်ပေးရန်နှင့် Outbound Tour များ ပြန်လည်ဖွင့်လှစ်ပေးစေလိုသည့်အခြေအနေများ။
- Health & Safety Protocol လမ်းညွှန်ချက်များကို နိုင်ငံတကာနှင့် ပြည်တွင်းခရီးသွားဧည့်သည်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ဆောင်ရွက်ပေးစေလိုသည့် အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြ။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန တာဝန်ရှိသူများက ဝန်ကြီးဌာန၏ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးစီမံချက်အား ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြဝတီသတင်းစာ ၁၂-၁၁-၂၀၂၁)**

- မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးစီမံချက်အား အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့်ညီနောင်အသင်းများ အစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့။
- ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာစည်းမျဉ်းများကို လေ့လာပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီမှုရှိသည့် နိုင်ငံတကာခရီးသွားဧည့်သည်များ ဝင်ရောက်ရေးဆိုင်ရာစီမံချက်ကို ပြင်ဆင်ရေးဆွဲထားကြရမည်ဖြစ်။

## ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၁)ကို နိုဝင်ဘာလ ၁၁ ရက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခဲ့ရာ အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအောင်နိုင်ဦး၊ လုပ်ငန်းကော်မတီဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက-

- ကိုဗစ်-၁၉ ရန်ပုံငွေမှ ငါး၊ ပုဇွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍရှိ ကုမ္ပဏီ/လုပ်ငန်းများအား ချေးငွေထုတ်ပေးမည့်အစီအစဉ်များ။
- ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ချေးငွေထုတ်ပေးရေးအတွက် လျှောက်လွှာ ဆက်လက်လက်ခံနိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့။

အစည်းအဝေးတက်ရောက်လာကြသူများက ကိုဗစ်-၁၉ ကြောင့် စီးပွားရေးသက်ရောက်မှုများ ကုစားရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ဝန်ကြီးဌာနများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ကုစားရေးလုပ်ငန်းကော်မတီသို့ တင်ပြလာသည့် အချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၂-၁၁-၂၀၂၁ )**

- **ကိုဗစ်-၁၉ ရန်ပုံငွေမှ ငါး၊ ပုဇွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍရှိ ကုမ္ပဏီ/လုပ်ငန်းများအား ချေးငွေထုတ်ပေးမည့် အစီအစဉ်များ။**
- **ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ချေးငွေထုတ်ပေးရေးအတွက် လျှောက်လွှာဆက်လက် လက်ခံနိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့။**

# ၄၂ ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်များအသင်းအုပ်ချုပ်မှုကောင်စီ အစည်းအဝေးကျင်းပ







၄၂ ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်များအသင်း အုပ်ချုပ်မှုကောင်စီ (42nd ALA Governing Council) အစည်းအဝေးကို နိုဝင်ဘာလ ၁၁ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံမှ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက -

- မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အလျောက် အာဆီယံပဋိညာဉ်စာတမ်းကို အလေးထားပြီး ပဋိညာဉ်စာတမ်းပါ တာဝန်ရှိမှုများကို လေးစားလိုက်နာမှုရှိကြောင်း။
- မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥပဒေပညာရှင်များအသင်းသို့ ၂၀၁၂ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး အာဆီယံဥပဒေပညာရှင်များအသင်း(မြန်မာ)ကိုလည်း ၂၀၂၁ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း။
- တရားလွှတ်တော်ရှေ့နေများကောင်စီဥပဒေကို ပြင်ဆင်ခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ကြောင်း၊ အာဆီယံအသိုက်အဝန်းတည်ဆောက်ခြင်းနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ခြင်းများကို အောင်မြင်စေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လက်တွဲပြီး ALAWMM နှင့် ASLOM တို့တွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်နေကြောင်း။
- ၂၀၂၁ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စု ရှေ့နေချုပ်အား ဥပဒေရေးရာဝန်ကြီးဌာနအဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း။
- ဥပဒေရေးရာဝန်ကြီးဌာနသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ညွှန်ကြား

ချက်နှင့် လုပ်ထုံးလုပ်နည်း(မူကြမ်း)များအပေါ် စိစစ်ခြင်းနှင့် ဥပဒေအကြံပေးခြင်းတို့ကို ဆောင်ရွက်ကြောင်း။

- အာဆီယံစီးပွားရေး အသိုက်အဝန်း ရည်မှန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်း၏ အစိတ်အပိုင်း တစ်ခုဖြစ်သည့် e-commerce ဥပဒေ(မူကြမ်း) ရေးဆွဲဆောင် ရွက်နေကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

၄၂ ကြိမ်မြောက် ALA Governing Council အစည်း အဝေး၌ ၄၁ ကြိမ်မြောက် ALA Governing Council အစည်း အဝေးမှတ်တမ်းအား အတည်ပြုခြင်း၊ ALA ဥက္ကဋ္ဌနှင့် အတွင်း ရေးမှူးချုပ်တို့၏ သက်တမ်းတိုးမြှင့်ခြင်း အဆိုကိုဆုံးဖြတ်ခြင်း၊ AsnLI Annual Report နှင့် 2021 AsnLI Workplan 2022 တို့ အား အတည်ပြုခြင်းနှင့် အာဆီယံဥပဒေစာချုပ် စာတမ်းများနှင့် အကောင်အထည်ဖော်မှု မြှင့်တင်ဆောင်ရွက်ခြင်းစသည့် ကိစ္စရပ် များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရင်းနှီးပွင့်လင်းစွာဆွေး နွေးခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၂-၁၁-၂၀၂၁ )**

- **ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက မြန်မာနိုင်ငံသည် အာဆီယံပဋိညာဉ် စာတမ်းကို အလေးထားပြီး ပဋိညာဉ်စာတမ်းပါ တာဝန်ရှိမှုများကို လေးစားလိုက်နာမှုရှိကြောင်း ဆွေးနွေးပြော ကြားခဲ့။**
- **၂၀၂၁ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ပြည်ထောင်စု ရှေ့နေချုပ်အား ဥပဒေရေးရာဝန်ကြီးဌာနအဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း။**
- **ဥပဒေရေးရာဝန်ကြီးဌာနသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ က ပေးပို့သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း(မူကြမ်း) များအပေါ် စိစစ်ခြင်းနှင့် ဥပဒေအကြံပေးခြင်းတို့ကို ဆောင်ရွက်ကြောင်း။**
- **အာဆီယံစီးပွားရေးအသိုက်အဝန်း ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ အစိတ်အပိုင်း တစ်ခုဖြစ်သည့် e-commerce ဥပဒေ(မူကြမ်း) ရေးဆွဲဆောင်ရွက်နေကြောင်း ဆွေးနွေးပြောကြားခဲ့။**
- **၄၂ ကြိမ်မြောက် ALA Governing Council အစည်းအဝေး၌ 2021 AsnLI Workplan 2022 အား အတည်ပြုခြင်းနှင့် အာဆီယံဥပဒေစာချုပ်စာတမ်းများနှင့် အကောင်အထည်ဖော်မှုမြှင့်တင်ဆောင်ရွက်ခြင်းစသည့် ကိစ္စရပ်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။**

# အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူ အဖွဲ့အစည်းများအသင်း၏ တတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကျင်းပ




နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ဦးနှင့် ဒေါ်နန်းစန္ဒာစမ်းတို့သည် နိုဝင်ဘာလ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း၏ တတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲသို့ Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲကို ကိုရီးယားသမ္မတနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဦးဆောင်၍ အပိုင်း (၃)ပိုင်းဖြင့် ကျင်းပခဲ့ရာ–

- မြန်မာနိုင်ငံ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် “Constitutional Rights; New Challenges in Myanmar” ခေါင်းစဉ်ဖြင့် စာတမ်းကို ဖတ်ကြား ဆွေးနွေးခဲ့။
- အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများ အသင်း(AACC)အဖွဲ့ဝင်နိုင်ငံများမှ ဥပဒေပညာရှင်များကလည်း စာတမ်းများ ဖတ်ကြားခဲ့ပြီး အသိအမြင်အတွေ့အကြုံဗဟုသုတများ ဆွေးနွေးခဲ့။

အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း(AACC) အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ကာဇက်စတန်နိုင်ငံ၊ ကာဂျစ်စတန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျော်ဒန်နိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ရုရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံ တို့မှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး/ကောင်စီ/ခုံရုံးများ၏ တရားသူကြီးချုပ်များ၊ ဥက္ကဋ္ဌများနှင့် ဥပဒေပညာရှင်များ တက်ရောက်ခဲ့ပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၁၂-၁၁-၂၀၂၁ )**

- **မြန်မာနိုင်ငံ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် “Constitutional Rights; New Challenges in Myanmar” ခေါင်းစဉ်ဖြင့် စာတမ်းကို ဖတ်ကြားဆွေးနွေးခဲ့။**
- **အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC) အဖွဲ့ဝင်နိုင်ငံများမှ ဥပဒေပညာရှင်များကလည်း စာတမ်းများ ဖတ်ကြားခဲ့ပြီး အသိအမြင် အတွေ့အကြုံဗဟုသုတများ ဆွေးနွေးခဲ့။**

# ရန်ကုန်တိုင်းဒေသကြီး၊ ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခုခွင့်ပြု




ရန်ကုန်တိုင်းဒေသကြီး၊ ရင်းနှီးမြှုပ်နှံမှုကော်မတီမှ နိုဝင်ဘာလ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး (၁၀/၂၀၂၁) ကြိမ်မြောက်အစည်းအဝေးကို Video Conferencing ဖြင့်ကျင်းပပြုလုပ်ခဲ့ရာ ကုမ္ပဏီ ၁၆ ခု၏ တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်ပေးခဲ့ပြီး စက်မှုကဏ္ဍတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှစ်ခုတို့ကို အတည်ပြုပေးနိုင်ခဲ့ပါသည်။

- ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄ ခု၏ မတည်ရင်းနှီးငွေပမာဏမှာ ငွေကျပ် ၈,၆၄၂.၆၁၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၆ သန်းကျော်ဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၂,၇၅၃ နေရာအတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မည်ဖြစ်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသူများအနေဖြင့် အတည်ပြု လျှောက်ထားလွှာများကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ ဆက်သွယ်လျှောက်ထားနိုင်။

မတည်ငွေရင်းပမာဏ ဒေါ်လာ ၅ သန်း သို့မဟုတ် ငွေကျပ် သန်း ၆,၀၀၀ အထက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်ပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီသို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၁၁-၂၀၂၁)**

- **ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ရင်းနှီးငွေပမာဏမှာ ငွေကျပ် ၈,၆၄၂.၆၁၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၆ သန်းကျော်ဖြစ်။**
- **မတည်ငွေရင်းပမာဏ ဒေါ်လာ ၅ သန်း သို့မဟုတ် ငွေကျပ် သန်း ၆,၀၀၀ အထက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်ပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီသို့ ဆက်သွယ်လျှောက်ထားနိုင်။**
- **အစည်းအဝေး၌ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၂,၇၅၃ နေရာအတွက် ခွင့်ပြုပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလေးခုမှာ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှစ်ခုဖြစ်။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများမှ ယာဉ်မောင်းများအား(ဒုတိယအကြိမ်) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအဖြစ် Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

- နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၆၄ ဦးနှင့် အမျိုးသမီး ၅၀ ဦး စုစုပေါင်း ၁၁၄ ဦးအား လက်ခံကုသပေးလျက်ရှိ။
- တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၁ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၈၅,၇၅၂ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၂၃,၇၈၅ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ နိုဝင်ဘာလ ၁၁ ရက်တွင် ဒုတိယအကြိမ်အဖြစ် ကျောင်းသား/ကျောင်းသူစုစုပေါင်း ၁,၃၁၈ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ကျောင်းသား/ကျောင်းသူစုစုပေါင်း ၁၅,၅၀၁ ဦးအား လည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးနိုဝင်ဘာလ ၁၁ ရက်အထိ စုစုပေါင်း ၁,၂၄၃,၅၄၅ ဦးအားပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများနှင့်စေတနာ့ဝန်ထမ်းများအား နိုဝင်ဘာလ ၁၀ ရက်တွင် ဂုဏ်ပြုပွဲအခမ်းအနားပြုလုပ်ပေးပြီး ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့။
- ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် နိုဝင်ဘာလ ၁၀ ရက်နေ့မှ ၁၃ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများမှ ယာဉ်မောင်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးလျက်ရှိ။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ-

- နိုဝင်ဘာလ ၁၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ ချင်းရွှေဟော်၊ မြဝတီနှင့်ကျိုင်းတုံကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၄ ခုမှ ယာဉ်စီးရေ ၅ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ၁ စီး ၁၆ တန် ၊ အောက်ဆီဂျင်အိုးခွံ ၉၆၀၊ အောက်ဆီဂျင်ထုတ်စက် (Oxygen Plant) ၁ခု၊ လက်အိတ် ၂၈ တန်နှင့်နှာခေါင်းစည်း (Mask) ၁၈ တန် တို့ကိုတင်သွင်းနိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၁ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၄,၂၀၅ ခုအားစစ်ဆေးခဲ့ပြီး၊ ပိုးတွေ့လူနာသစ် ၉၅၄ ဦးဖြင့် ပိုးတွေ့ရှိမှု ၃.၉၄ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁၁-၁၁-၂၀၂၁ ရက်အထိ ဓါတ်ခွဲနမူနာစုစုပေါင်း ၅,၁၃၅,၀၉၇ ခု အားစစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၁၀,၇၂၅ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၈,၈၈၂ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၁၁-၂၀၂၁)**



**တောင်ပိုင်းတိုင်း တိုင်းမှူးမှ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်နေမှု**



**နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူများအား လက်ခံပေးနေမှု**



**စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်ရှိ အသက် ၁၂ နှစ်အထက်ကျောင်းသား/ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှု**



**တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးနေမှု**

- တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၁ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၈၅,၇၅၂ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၂၃,၇၈၅ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- နိုဝင်ဘာလ ၁၀ ရက်နေ့မှ ၁၃ ရက်အထိရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများမှ ယာဉ်မောင်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိ။
- ၁၁-၁၁-၂၀၂၁ ရက်အထိအတည်ပြုလူနာစုစုပေါင်း ၅၁၀,၇၂၅ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၈,၈၈၂ ဦးရှိခဲ့။

## မြို့နယ်အချို့အား Stay at Home သတ်မှတ်ထားခြင်းမှ ပယ်ဖျက်

ကိုဗစ်-၁၉ ရောဂါကူးစက်မှုများပြားသော မြို့နယ် ၁၁၉ မြို့နယ်အား မိမိနေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်းအမိန့်များထုတ်ပြန်ထားခဲ့ရာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် လွန်ခဲ့သော(၁၄)ရက်အတွင်း ပိုးတွေ့လူနာများ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရသည့်အတွက် ၁၂-၁၁-၂၀၂၁ တွင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး တို့မှ မြို့နယ် ၁၇ မြို့နယ်တို့အား မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ် အဖြစ်သတ်မှတ်ထားခြင်းမှ ထပ်မံပယ်ဖျက်ခဲ့ပါသည်။

မိမိနေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် အကျုံးဝင်သည့် ၁၁၉ မြို့နယ်သတ်မှတ်ထားခဲ့ရာမှ(Stay at Home) ပယ်ဖျက်သည့်မြို့နယ် (၆၇) မြို့နယ်ရှိပြီး (၅၂) မြို့နယ်ဆက်လက်ထားရှိကြောင်းနှင့် (Stay at Home) မြို့နယ်ပယ်ဖျက်ခဲ့သည့် မြို့နယ်များရှိ ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ခြင်းနှင့် သက်ဆိုင်သည့်စည်းကမ်းချက်များကို တိကျစွာလိုက်နာကြရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားရှိပါသည်။

(မြဝတီသတင်းစာ ၁၂-၁၁-၂၀၂၁)

- ၁၂-၁၁-၂၀၂၁ တွင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ မြို့နယ် ၁၇ မြို့နယ်တို့အား မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်အဖြစ် သတ်မှတ်ထားခြင်းမှ ထပ်မံပယ်ဖျက်ခဲ့။
- အစီအစဉ်အားပယ်ဖျက်ပေးခဲ့သော်လည်း ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကိုတိကျစွာ လိုက်နာကြရမည်ဖြစ်။

# ကွတ်ခိုင်မြို့နယ်၊ ဖာခတ်ကျေးရွာရှိ အမျိုးသမီးတစ်ဦးကို အဓမ္မမှုကျူးလွန်ခဲ့သူ စစ်သည်ကို စစ်တရားရုံးဖြင့် အရေးယူသွားမည်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်၊ ဖာခတ်ကျေးရွာရှိ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ခဲ့သူ စစ်သည်တစ်ဦးကို တရားဥပဒေအတိုင်း အရေးယူပေးပါရန် တိုင်ကြားလာသောကိစ္စနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပါသည်။

စုံစမ်းစစ်ဆေးချက်များအရ ကွတ်ခိုင်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေစဉ် အုပ်ချုပ်မှုကိစ္စများဆောင်ရွက်ရန်အတွက် သွားနေစဉ် ရေဆိပ်အနီးရှိ တောင်ယာတဲအတွင်းမှ ခြံစောင့်ဖြစ်သူ အမျိုးသမီးတစ်ဦးကို တပ်သားမင်းမင်းစိုးမှအလိုမတူဘဲ အဓမ္မမှုကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိခဲ့ရပါသည်။

ထို့ကြောင့် ပြစ်မှုကျူးလွန်ခဲ့သော ၎င်းစစ်သည်ကို စစ်စည်းကမ်းအရအရေးယူနိုင်ရေးအတွက် အများပြည်သူရှေ့မှောက်တွင် တရားစီရင်မှု (Open Court) စစ်တရားရုံးဖြင့် ပွင့်လင်းမြင်သာစွာ အမြန်ဆုံးစစ်ဆေးသွားမည်ဖြစ်ပြီး ယင်းဖြစ်ရပ်မျိုးအတွက် လုံးဝသည်းခံခွင့်လွှတ်ခြင်းမရှိခဲ့သည့် အစဉ်အလာအတိုင်း ပြစ်မှုကျူးလွန်သူအား ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၁၁-၂၀၂၁)**

- **ကွတ်ခိုင်မြို့နယ်၊ ဖာခတ်ကျေးရွာရှိ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ခဲ့သူ စစ်သည်တစ်ဦးကို အများပြည်သူရှေ့မှောက်တွင် တရားစီရင်မှု (Open Court) စစ်တရားရုံးဖြင့်စစ်ဆေးပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်။**
- **ယင်းဖြစ်ရပ်မျိုးအတွက်လုံးဝသည်းခံခွင့်လွှတ်ခြင်းမရှိခဲ့သည့် အစဉ်အလာအတိုင်း ပြစ်မှုကျူးလွန်သူအား ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်။**